## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သဘောထား ထုတ်ပြန်ကြေငြာချက်။
## အားလုံးမပါဝင်သော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် ငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်ပါ။

၂၀၁၅ ခုနစ် အောက်တိုဘာလ ၁၃ ရက်

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် လက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သာ ပါဝင်သောအစိုးရမှ  အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်ရန် စီစဉ်ထားသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းသည် ငြိမ်းချမ်းရေးကို ဦးမတည်ပဲ ပဋိပက္ခများ ပိုမိုဆိုးရွားစေမည်ကို အလွန်ပင်စိုးရိမ်ပူပန်မိပါသည်။

လက်မှတ်ရေးထိုးရန် ကြေငြာပြီး နောက်ပိုင်းတွင်ပင် လွန်ခဲ့သည့်အပတ်က နေပြည်တော်သည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများသို့ တပ်အင်အား အများအပြား စေလွှတ်ခဲ့ပြီး ထိုးစစ်သစ် စတင်ခဲ့ခြင်းဖြင့် အရပ်သားလူထုများအပေါ် ကျယ်ပြန့်ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေသည်။ ယင်းသည် အိုးအိမ်စွန့်ခွာမှု အသစ်များကို ဖြစ်စေပြီး မြန်မာနိုင်ငံ မြောက်ပိုင်းရှိနှင့်ပြီးသား ဒုက္ခသည် ၂ သိန်းကိုထပ်မံတိုးပွားစေပါသည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်တွင်းအိုးအိမ်မဲ့များ၏ စခန်းများတွင် နေပြည်တော်၏ အသွားအလာ ကန့်သတ်မှုနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရံပုံငွေဖြတ်တောက်မှုများကြောင့် လူသားချင်းစာနာသော အကူအညီများ အလွန်အမင်း ချို့တဲ့နေပြီးဖြစ်သည်။ အသစ်ရွှေ့ပြောင်းမှုများသည် အမျိုးသမီးများနှင့်ကလေးသူငယ်များကို ဆိုးရွားသော ခက်ခဲကြမ်းတမ်းမှုများ ကြုံတွေ့နေရသည့်ဒုက္ခသည်စခန်းများကို နောက်ထပ်ဂန်ထုပ်ဂန်ပိုးဖြစ်စေသည်။

WLB သည် တစ်နိုင်ငံလုံးအပစ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် နေပြည်တော် အပေါ်ထောက်ခံမှု တိုးများလာခြင်းဖြင့် နိုင်ငံတလွှားရွှေ့ပြောင်း ဒုက္ခသည်များအတွက် နောက်ထပ်ရံပုံငွေ ဖြတ်တောက်မှုများကို ဖြစ်ပေါ်စေပြီး အတင်းအဓမ္မနေရပ်ပြန်ပို့မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သည်။

"ကျွန်မတို့ နေပြည်တော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မယုံဘူး။ ဒါဟာ တိုင်းရင်းသားအုပ်စုတွေကို တဖက်မှာ တိုက်ခိုက်နေဆဲရှိနေတာဟာ တိုင်းရင်းသားတွေကိုသွေးခွဲဖို့ကစားတယ်ဆိုတာရှင်းပါတယ်။"ဟု အမျိုးသမီးများအဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူနော်ဂါးခူရှီးကပြောသည်။

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှုအပေါ် နေပြည်တော်အနေနှင့် အာမခံမှု မပေးနိုင်ခြင်းကိုလည်း စိုးရိမ်မိသည်။ ဇွန်လအတွင်း ကျင်းပခဲ့သည့် လော်ခီးလာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေးသည် အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီးအနည်းဆုံး ၃၀ % ကို ခွဲတမ်းအဖြစ် ပါဝင်ခွင့်ပြုရန် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာသားများတွင်ပြင်ဆင်ခဲ့သည်။ သို့သော်လည်း နေပြည်တော်မှ စာသားများ ပြင်ဆင်ရန်ကို ငြင်းဆိုခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် "သင့်တင့်လျှောက်ပတ်သော" အမျိုးသမီးအရေအတွက်ကိုသာ ပါဝင်ခွင့်ပြုမည်ဟုဆိုသည်။ ဤဝေဝေဝါးဝါး ဖော်ပြချက်သည် အစိုးရ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သဘောတူညီချက် ၁၃၂၅ အား အကောင်အထည်ဖော်မည်ဟူသော ကတိပြုချက်နှင့်တိုက်ရိုက်ဆန့်ကျင်နေသည်။

"တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဟာ တိုင်းရင်းသား အုပ်စုတွေ အားလုံး ပါဝင်ရုံသာမကပဲ အမျိုးသမီးတွေလည်း ပါဝင်ခွင့်ရှိရမှာဖြစ်ပါတယ်။" ဟု နော်ဂါးခူရှီးကပြောသည်။

နေပြည်တော်၏ အားလုံးပါဝင်မှုမရှိသည့် ချည်းကပ်မှုကို ယခုနှစ် မတ်လအတွင်းက ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဗီဂျေးနမ်ဘီးယား နှင့်ရန်ကုန်ရှိ သံတမန်များက မှားယွင်းစွာပင် ကြိုဆိုခဲ့ကြသည်။

စစ်မှန်သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတကာ အလှူရှင်များအနေဖြင့် ပဋိပက္ခဒေသများရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကျော်လွန်ပြီး သူတို့၏နေပြည်တော်နှင့်ဆက်ဆံရေးကို ဦးစားပေးခြင်းအား ရပ်တန့်ရန် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကတောင်းဆိုသည်။ အလှူရှင်များအနေနှင့် နေပြည်တော် "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်" အား အကြွင်းမဲ့ ထောက်ခံနေခြင်းကိုပြန်လည်သုံးသပ်ပြီး နေပြည်တော်အား စစ်ရေးထိုးစစ်နှင့် စနစ်တကျ ချိုးဖောက်မှုများကို ချက်ချင်း ရပ်တန့်ရန်နှင့်နိုင်ငံရေး ဆွေးနွေးပွဲများအကြိုအနေနှင့် တိုင်းရင်းသား ဒေသများမှတပ်များ ရုတ်သိမ်းရန်၊ ဖိအားစတင်ပေးရန်တောင်းဆို လိုက်သည်။

**ဆက်သွယ်ရန်-**

နော်ဂါးခူရှီး ။ ။ +၆၆ ၈၆ ၁၁၈ ၂၂၆၁ (အင်္ဂလိပ်နှင့် ကရင် ဘာသာ)

နာဗစ်ဘွန် ။ ။ +၆၆ ၈၁ ၀၃၀ ၆၃၇၀ (မြန်မာဘာသာ)

WLB, P.O Box – 413, Chiang Mai 50000, Thailand. wlb@womenofburma.org, www.womenofburma.org